အို လူသားအပေါင်းတို့ စလာမ်များများပေးကြပါ။

အစားအသောက်များ ကျွေးမွေးကြပါ။

ဆွေမျိုးအဆက်သွယ်ထားကြပါ။ လူများအိပ်နေစဥ်

ည၌ဆွလာသ်ဝတ်ပြုကြပါ။ အသင်တို့သည် ဂျန္နသ်သို့

ငြိမ်းချမ်းစွာဝင်ကြရမည်။

အဗ်ဒွလ္လာဟ်ဗင်န်စလာမ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
မဒီနဟ်သို့ကြွမြန်းလာတော်မူသောအခါ လူတို့သည်
ကိုယ်တော့်ဘက်သို့အလျင်အမြန်ရောက်လာခဲ့ကြသည်။ လူတစ်ချို့က ကိုယ်တော်မြတ်လာပြီ၊ကိုယ်တော်မြတ်လာပြီ၊ ကိုယ်တော်မြတ်လာပြီဟုပြောကြသည်။ (ဆင့်ပြန်သူကပြောသည်မှာ)ကျွန်တော်လည်းပဲ ကိုယ်တော်မြတ်ကိုကြည့်ရန်
လူအုပ်ကြီးထဲသို့လာခဲ့သည်။ ကိုယ်တော်မြတ်အားရှင်းလင်းစွာမြင်တွေ့ရသည့်အခါ
ကိုယ်တော်မြတ်၏မျက်နှာသည် လူလိမ်မျက်နှာမဟုတ်ကြောင်း ကျွန်တော်သိခဲ့ရသည်။
ကျွန်တော်ပထမဦးစွာကြားသိခဲ့ရသည့် ကိုယ်တော်မြတ်၏မိန့်ခြွေချက်မှာ အို
လူသားအပေါင်းတို့ စလာမ်များများပေးကြပါ။ အစားအသောက်များ ကျွေးမွေးကြပါ။
ဆွေမျိုးအဆက်သွယ်ထားကြပါ။ လူများအိပ်နေစဥ် ည၌ဆွလာသ်ဝတ်ပြုကြပါ။ အသင်တို့သည်
ဂျန္နသ်သို့ ငြိမ်းချမ်းစွာဝင်ကြရမည်။
[صحيح] [رواه الترمذي وابن ماجه وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
မဒီနဟ်သို့ကြွမြန်းလာတော်မူသောအခါကိုယ်တော်မြတ်အား လူများမြင်တွေ့ကြသောကြောင့်လူတို့သည် ကိုယ်တော့်ဘက်သို့အလျင်အမြန်သွားခဲ့ကြသည်။ ထိုသို့ကိုယ်တော်မြတ်ဘက်သို့သွားကြသူများထဲတွင် အဗ်ဒွလ္လာဟ်ဗင်န်စလာမ်လည်းပါရှိသည်။ ထိုအခါက သူသည်ယဟူဒီအဖြစ်ရှိနေခဲ့ပြီး အစ္စလာမ်ကို နောက်မှလက်ခံခဲ့သည်။ သူသည် ကိုယ်တော်မြတ်အားမြင်တွေ့ရသည့်အခါ ကိုယ်တော်မြတ်၏မျက်နှာတော်တွင် လင်းဝင်းမှု၊ လှပမှုနှင့်ရိုသေလးစားဖွယ်ကောင်းသော စစ်မှန်သည့်ဂုဏ်အရှိန်အဝါရှိနေသောကြောင့်ကိုယ်တော်မြတ်၏မျက်နှာသည် လူလိမ်မျက်နှာမဟုတ်ကြောင်းသိခဲ့သည်။ သူသည်ပထမဦးစွာကြားသိခဲ့ရသည့် ကိုယ်တော်မြတ်၏မိန့်ကြားချက်မှာ ကိုယ်တော်မြတ်သည်လူတို့အားဂျန္နသ် သုခဘုံသို့ဝင်ရောက်စေမည့် လုပ်ရပ်များအားလုပ်ဆောင်ကြရန်တိုက်တွန်းခြင်းဖြစ်သည်။ ၎င်းတို့အနက်မှအချို့မှာ - ၁။ အသင်သိသောသူကိုဖြစ်စေ၊မသိသောသူကိုဖြစ်စေ စလာမ်များများပေးခြင်းဖြင့် စလာမ်ကိုဖြန့်ခြင်း။ ၂။ဆွဒ်ကဟ်အလှူဒါနဖြင့်‌ဖြစ်‌စေ၊ လက်ဆောင်အနေဖြင့်ဖြစ်‌စေ ဧည့်သည်များအားဖိတ်ကြား၍ဖြစ်‌စေအစားအသောက်များ ကျွေးမွေးခြင်း။ ၃။ ဖခင် သို့မဟုတ် မိခင်ဘက်မှဆွေမျိုး‌တော်ဆက်သူများအား ဆွေမျိုးအဆက်သွယ်ထားခြင်း။ ၄။ လူများအိပ်နေစဥ်ည၌နဖ်လ်ဆွလာသ်ဝတ်ပြုခြင်း။


النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee